မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

အမှတ် ၁၇] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက် (၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၃ ရက်) } သောကြာနေ့ [အတွဲ ၇၄

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၇ / ၂၀၂၁ )**

**အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (က) ကို အောက်ပါအတိုင်း အစားထိုးရမည်–

“(က) **သတင်းအချက်အလက်** ဆိုသည်မှာ အချက်အလက် (Data)၊ မူရင်းစာ (Text)၊ ပုံရိပ်သဏ္ဍာန် (Image)၊ အသံ (Voice)၊ ဗီဒီယို (video)၊ သင်္ကေတ (Code)၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) နှင့် အချက်အလက် အစုအဝေး (Database) တို့ကို ဆိုသည်။”

၄။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဋ) ၏နောက်တွင် ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ဍ)၊ ပုဒ်မခွဲ (ဎ)၊ ပုဒ်မခွဲ (ဏ)၊ ပုဒ်မခွဲ (တ)၊ ပုဒ်မခွဲ (ထ)နှင့် ပုဒ်မခွဲ (ဒ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

“(ဌ) **ကိုယ်ရေးဆိုင်ရာအချက်အလက်** ဆိုသည်မှာ လူတစ်ဦးတစ်ယောက်နှင့်ဆက်နွှယ်သည့် မည်သူမည်ဝါအဖြစ် အတည်ပြုပြီးသော သို့မဟုတ် အတည်ပြုနိုင်သော မည်သည့်အချက် အလက်ကိုမဆို ဆိုသည်။

( ည ) **ကိုယ်ရေးဆိုင်ရာအချက်အလက်ကို စီမံထိန်းသိမ်းရန်တာဝန်ရှိသူ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်အရဖြစ်စေ၊ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ခံခြင်း၊ စုဆောင်းသိမ်းဆည်းခြင်းနှင့် အသုံးပြုခြင်းတို့အား ဆောင်ရွက်နိုင်သည့် အခွင့်အာဏာ ရှိသော အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ တာဝန်ပေးအပ်ခြင်းခံရသောပုဂ္ဂိုလ်နှင့် ယင်း၏ ဝန်ထမ်းများကို ဆိုသည်။

( ဃ ) **စီမံခန့်ခွဲခြင်း** ဆိုသည်မှာ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို ကောက်ယူခြင်း၊ ရယူခြင်း၊ လွှဲပြောင်း ခြင်း၊ ဖြန့်ဝေခြင်း၊ တွဲဖက်ဆောင်ရွက်ခြင်း၊ တားမြစ်ခြင်း၊ ဖျက်ဆီးခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သိမ်းဆည်းခြင်း၊ ပြောင်းလဲခြင်း၊ သိမ်းဆည်းထားသည်များကို ပြန်လည်ကောက်ယူ ခြင်း၊ အကြံပြုခြင်း၊ အသုံးပြုခြင်း သို့မဟုတ် ထုတ်ဖော်ခြင်းကို ဆိုသည်။

(ဏ) **ဆိုက်ဘာအရင်းအမြစ်** ဆိုသည်မှာ ကွန်ပျူတာ၊ ကွန်ပျူတာစနစ်၊ ကွန်ပျူတာပရိုဂရမ် သို့မဟုတ် ပရိုဂရမ်၊ ကွန်ရက်၊ ဆက်သွယ်ရေးပစ္စည်းနှင့် အချက်အလက်တို့ကို ဆိုသည်။

(တ) **မောလ်ဝဲရ် (Malware)** ဆိုသည်မှာ ဆိုက်ဘာအရင်းအမြစ်အား အနှောင့်အယှက်ဖြစ်စေသော သို့မဟုတ် အန္တရာယ်ဖြစ်စေသော အဖျက်အမှောင့်ကုဒ် (Malicious Code) ကို ဆိုသည်။

(ထ) **ဆိုက်ဘာနယ်ပယ် (Cyber Space)** ဆိုသည်မှာ သတင်းအချက်အလက် နည်းပညာ အခြေခံ ကွန်ရက်စနစ်တွင် ဆိုက်ဘာအရင်းအမြစ်များကိုအသုံးပြု၍ သတင်းအချက်အလက်၊ အချက်အလက် အစုအဝေး၊ အီလက်ထရောနစ် သတင်းအချက်အလက်၊ ကွန်ပျူတာပရိုဂရမ်၊ ဆော့ဖ်ဝဲ (Software)၊ အပလီကေးရှင်း (Application) တစ်ခုခုကိုအသုံးပြုပြီး အီလက်ထရောနစ်သတင်းအချက်အလက် များအား ကွန်ရက်တစ်ခုအတွင်းဖြစ်စေ၊ ကွန်ရက်အချင်းချင်းချိတ်ဆက်၍ဖြစ်စေ အပြန်အလှန် အားဖြင့် ပေးပို့ခြင်း၊ ဆက်သွယ်ခြင်း၊ ဖြန့်ဝေခြင်း သို့မဟုတ် လက်ခံရယူခြင်း ဆောင်ရွက်နိုင်သည့် ဝန်းကျင်နယ်ပယ်ကို ဆိုသည်။

( ဒ ) **ဆိုက်ဘာတိုက်ခိုက်မှု** ဆိုသည်မှာ ဆိုက်ဘာနယ်ပယ်အတွင်း ဆိုက်ဘာအရင်းအမြစ် တစ်ရပ်ရပ်ကို အသုံးပြု၍ နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ တရားဥပဒေစိုးမိုးရေး၊ အမျိုးသားလုံခြုံရေး သို့မဟုတ် အများပြည်သူ၏ လုံခြုံရေးနှင့် အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေရေးတို့ကို ရည်ရွယ်သည့် တိုက်ခိုက်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ကျူးလွန်ရန် အားထုတ်ခြင်း၊ အားပေးကူညီခြင်း၊ လှုံ့ဆော်ခြင်း သို့မဟုတ် ကြံရာပါအဖြစ် ဆောင်ရွက်ခြင်းကို ဆိုသည်။"

၅။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဌ)၊ ပုဒ်မခွဲ (ည) နှင့် ပုဒ်မခွဲ (ဃ) တို့ကို ပုဒ်မခွဲ (ဓ)၊ ပုဒ်မခွဲ (န) နှင့် ပုဒ်မခွဲ (ပ) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၆။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၊ ပုဒ်မခွဲ (င) ၏ နောက်တွင် ပုဒ်မခွဲ (စ) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"( စ ) အများပြည်သူတို့၏ ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ဥပဒေနှင့်အညီ အကာအကွယ် ပေးနိုင်ရန်။"

၇။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေအခန်း (၁၀) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

"အခန်း (၁၀)

**ကိုယ်ရေးဆိုင်ရာအချက်အလက်ကာကွယ်ခြင်း**

၂၇–က။ ကိုယ်ရေးဆိုင်ရာအချက်အလက်ကို စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည်–

(၁) မိမိတာဝန်ခံဆောင်ရွက်ရသည့် ကိုယ်ရေးဆိုင်ရာအချက်အလက်ကို အမျိုးအစား၊ လုံခြုံမှု အဆင့်အတန်းအလိုက် ဥပဒေနှင့်အညီ စနစ်တကျ ထိန်းသိမ်းခြင်း၊ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ကို ဆောင်ရွက်ရမည်။

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်အရ ခွင့်ပြုချက် သို့မဟုတ် ကိုယ်ရေးဆိုင်ရာ အချက်အလက်ပိုင်ရှင်၏ ခွင့်ပြုချက်အရမှအပ မိမိ၏ စီမံခန့်ခွဲမှုအောက်ရှိ ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို အခြားသူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုသို့ ကိုယ်ရေး ဆိုင်ရာအချက်အလက် တစ်စုံတစ်ရာအား စိစစ်ရန် ခွင့်ပြုခြင်း၊ ဖွင့်ချခြင်း၊ အသိပေးခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ ဖျက်ဆီးခြင်း၊ မိတ္တူကူးယူခြင်း သို့မဟုတ် သက်သေခံအဖြစ် တင်သွင်းခြင်းမပြုရ။

(၃) ဦးတည်ချက်နှင့် ကိုက်ညီမှုနက်နက်မှုမရှိသည့် စီမံခန့်ခွဲခြင်းကိစ္စရပ်များအတွက် ကိုယ်ရေးဆိုင်ရာ အချက်အလက်တို့ကို သုံးစွဲခြင်းမပြုရ။

(၄) အချိန်ကာလ အကန့်အသတ်ဖြင့်အသုံးပြုရန် ရည်ရွယ်ကောက်ယူထားသော ကိုယ်ရေးဆိုင်ရာ အချက်အလက်ကို သတ်မှတ်အချိန်ကာလ ကျော်လွန်ပါက စနစ်တကျ ဖျက်ဆီးရမည်။

၂၇–ခ။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ကိုယ်ရေးဆိုင်ရာအချက်အလက် အပါအဝင် သတင်းအချက်အလက်ကို လက်ခံရရှိသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသည်လည်းကောင်း၊ ယင်း၏ ကိုယ်စား တာဝန် လွှဲအပ်ခြင်းခံရသော သို့မဟုတ် ညွှန်ကြားမှုအောက်တွင်ရှိသော ပုဂ္ဂိုလ်သည်လည်းကောင်း မိမိရရှိ ထားသည့် သတင်းအချက်အလက်များကို ဥပဒေအရထုတ်ဖော်ပြောဆိုရန် တာဝန်ရှိမှုမှတစ်ပါး လျှို့ဝှက်ထားရမည်။

၂၇–ဂ။ ကိုယ်ရေးဆိုင်ရာအချက်အလက် စီမံခန့်ခွဲခြင်းကိစ္စရပ်များတွင် အောက်ပါကိစ္စရပ်များ သက်ဆိုင်ခြင်း မရှိစေရ–

(၁) ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောအစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေ စိုးမိုးရေးအဖွဲ့က ဆိုက်ဘာလုံခြုံရေး၊ ဆိုက်ဘာတိုက်ခိုက်ခြင်း၊ ဆိုက်ဘာအလွဲအသုံးပြုခြင်း၊ ဆိုက်ဘာမတော်တဆမှုများ ဖြစ်ပွားခြင်း သို့မဟုတ် ဆိုက်ဘာမှုခင်းနှင့်သက်ဆိုင်၍ ဟန့်တား ကာကွယ်ခြင်း၊ ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ တရားရုံးတစ်ခုခုတွင် သက်သေခံ အဖြစ် တင်သွင်းခြင်း၊

(၂) ဗဟိုအဖွဲ့က တာဝန်ပေးအပ်ထားသော အစိုးရဌာန၊ စုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် တရားဥပဒေစိုးမိုးရေးအဖွဲ့က ပြစ်မှုဆိုင်ရာကိစ္စရပ်များအလိုက် စီမံဆောင်ရွက်ခွင့်အာဏာ အရဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ တရားစွဲဆိုတင်ပို့ခြင်းနှင့် တရားရုံး တစ်ခုခုတွင် သက်သေခံအဖြစ် တင်သွင်းခြင်း၊

(၃) ဆိုက်ဘာလုံခြုံရေးနှင့် ဆိုက်ဘာမှုခင်းဆိုင်ရာ ကိစ္စရပ်များသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တည်ငြိမ်အေးချမ်းရေး၊ အမျိုးသားလုံခြုံရေးကိစ္စရပ်များနှင့် သက်ဆိုင်သော စီမံဆောင်ရွက်ပိုင်ခွင့် အာဏာအရဆောင်ရွက်သည့် ရှာဖွေထောက်လှမ်းခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ သတင်းရယူစုစည်းခြင်း၊ သတင်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း၊

(၄) ပုဒ်မခွဲ (၃) ပါ ကိစ္စရပ်များအား စီမံဆောင်ရွက်ရာတွင် ဗဟိုအဖွဲ့ကဖြစ်စေ၊ ဗဟိုအဖွဲ့က တာဝန်ပေးအပ်သောဌာန သို့မဟုတ် အဖွဲ့အစည်းကဖြစ်စေ စီမံပိုင်ခွင့်အာဏာခွဲခြားသတ်မှတ်ခြင်းနှင့် ယင်းသတ်မှတ်ချက်များနှင့်အညီ စီမံဆောင်ရွက်ခြင်း။"

၈။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ အခန်း (၁၀)၊ (၁၁)၊ (၁၂) နှင့် (၁၃) တို့ကို အခန်း (၁၁)၊ (၁၂)၊ (၁၃) နှင့် (၁၄) တို့အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

၉။ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၈ ၏နောက်တွင် ပုဒ်မ ၃၈-က၊ ၃၈-ခ၊ ၃၈-ဂ၊ ၃၈-ဃ နှင့် ၃၈-င တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"၃၈-က။ ကိုယ်ရေးဆိုင်ရာအချက်အလက်များအား စီမံထိန်းသိမ်းရန်တာဝန်ရှိသူသည် ကိုယ်ရေးဆိုင်ရာ အချက်အလက်များကို ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စီမံခန့်ခွဲခြင်းမပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းတစ်ရာ ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-ခ။ မည်သူမဆို သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက်မရှိဘဲ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ကိုယ်ရေးဆိုင်ရာအချက်အလက်ကိုရယူခြင်း၊ဖွင့်ချခြင်း၊အသုံးပြုခြင်း၊ဖျက်ဆီးခြင်း၊ပြုပြင်ပြောင်းလဲခြင်း၊ ဖြန့်ဝေခြင်း၊ တစ်ဦးတစ်ယောက်ထံသို့ ပေးပို့ခြင်း သို့မဟုတ် အလွဲအသုံးပြုခြင်းဖြစ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-ဂ။ မည်သူမဆို ဆိုက်ဘာနယ်ပယ်တွင် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်၊ အယုံအကြည် ပျက်စေရန်၊ အကြည်ညိုပျက်စေရန် သို့မဟုတ် အသင်းအဖွဲ့ ကွဲစေရန်ရည်ရွယ်၍ သတင်းတု သို့မဟုတ် သတင်းမှား ပြုလုပ်ဖန်တီးခြင်းကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-ဃ။ မည်သူမဆို နိုင်ငံတော်၏အချုပ်အခြာအာဏာ၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခြိမ်းခြောက်နှောင့်ယှက် ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ဆိုက်ဘာအရင်းအမြစ်ကို ရယူပိုင်ခွင့်မရှိအောင်တားဆီးခြင်း၊ ခက်ခဲအောင်ပြုလုပ်ခြင်း သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ ဆိုက်ဘာအရင်းအမြစ်ကို ထိုးဖောက် ဝင်ရောက်ရန် ကြိုးစားခြင်း၊ ခွင့်ပြုထားသည်ထက်ပို၍ အသုံးပြုခြင်း၊ တစ်စုံတစ်ယောက်ကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် ကွန်ပျူတာတွင် မောလ်ဝဲရ်ထည့်သွင်းခြင်းဖြင့် ဆိုက်ဘာ တိုက်ခိုက်မှုကိုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ငါးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းသုံးရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၈-င။ မည်သူမဆို နိုင်ငံတော်နှင့် အခြားနိုင်ငံတို့၏ ရင်းနှီးသောဆက်ဆံရေးကို ထိခိုက်ပျက်ပြားစေနိုင်သည့် ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အခြားနိုင်ငံတစ်ခုခု၏ အကျိုးစီးပွားအလို့ငှာလည်းကောင်း၊ နိုင်ငံတော်နှင့် အခြားနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်နေသောလုံခြုံရေးအရ လျှို့ဝှက်ထားသည့် ဆိုက်ဘာအရင်းအမြစ်ကို ခွင့်ပြုချက်မရှိဘဲ ထိုးဖောက်ဝင်ရောက်ရန် ကြိုးစားခြင်း သို့မဟုတ် ခွင့်ပြုထားသည်ထက်ပို၍အသုံးပြုခြင်းဖြင့် ဆိုက်ဘာတိုက်ခိုက်မှုကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သိန်းငါးရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။”

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် (၈/၂၀၂၁)

## ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၂။ ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၃။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့် ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၄။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှ ကာလပတ်လုံး ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ၏ အခန်း(၃) နှင့် အခန်း (၅) တို့ကို ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်အမှတ် (၁၀၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၁ ရက်)

**ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ယှဉ်တွဲပါဝန်ကြီးဌာနအသီးသီးတွင် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးကိုကိုလွင် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

(၂) ဒေါက်တာ အောင်ကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၃) ဦးမင်းမင်းဦး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(၄) ဦးသန့်စင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

အမိန့်အရ

(ပုံ) အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု**

**အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

( ၂၀၂၁ ခုနှစ်၊ မတ်လ ၁၂ ရက်)

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဖွဲ့စည်းခြင်း**

၁။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မပျက် ဆောင်ရွက်နိုင်ရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၆ (က) နှင့်အညီ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်-

(က) ပြည်ထောင်စုဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန — ဥက္ကဋ္ဌ

(ခ) ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဂ) | ဒုတိယဝန်ကြီး<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ကောင်စီဝင် တပ်မတော်အရာရှိကြီး ၁ ဦးစီ<br>တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ | အဖွဲ့ဝင် |
| (ဆ) | ဒုတိယညွှန်ကြားရေးမှူး<br>ပြည်သူ့စစ်နှင့် နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး | အဖွဲ့ဝင် |
| (ဇ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး | အဖွဲ့ဝင် |
| (ဈ) | အမြဲတမ်းအတွင်းဝန်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | အမြဲတမ်းအတွင်းဝန်<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | အမြဲတမ်းအတွင်းဝန်<br>လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | အမြဲတမ်းအတွင်းဝန်<br>အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဎ) | အမြဲတမ်းအတွင်းဝန်<br>ပညာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဏ) | အမြဲတမ်းအတွင်းဝန်<br>ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (တ) | အမြဲတမ်းအတွင်းဝန်<br>ဆောက်လုပ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ထ) | အမြဲတမ်းအတွင်းဝန်<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဒ) | အမြဲတမ်းအတွင်းဝန်<br>တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဓ) | ဒုတိယဝန်ကြီး<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အတွင်းရေးမှူး |
| (န) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ<br>ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉/၂၀၁၆ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

(ပုံ) ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
ဥက္ကဋ္ဌ
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု
အကောင်အထည်ဖော်ရေး ဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၂/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့်တွဲဖက်မြို့နယ်တရားသူကြီးများ အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| **အမှတ်စဉ်** | **အမည်နှင့် ကိုယ်ပိုင်အမှတ်** | **တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး** |
|---|---|---|
| ၁။ | ဒေါ်နန်းသီရိခင်ခင်<br>တ/၃၂၈၀ | လွိုင်လင်<br>ရှမ်းပြည်နယ် |
| ၂။ | ဒေါ်နွယ်နီမြင့်<br>တ/၃၄၀၇ | ဒဂုံမြို့သစ် (တောင်ပိုင်း)<br>ရန်ကုန်တိုင်းဒေသကြီး |
| ၃။ | ဦးထက်ကိုဌေးလွင်<br>တ/၃၄၂၈ | ပဲခူး<br>ပဲခူးတိုင်းဒေသကြီး |
| ၄။ | ဦးအောင်ကိုကိုထက်<br>တ/၃၄၃၄ | ပျော်ဘွယ်<br>မန္တလေးတိုင်းဒေသကြီး |
| ၅။ | ဒေါ်ဖြူသွယ်အောင်<br>တ/၃၄၄၇ | ပြည်ကြီးတံခွန်<br>မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၃/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးကျော်ဇင် တ/၂၅၇၃ | မြို့နယ်တရားရုံး (စည်ပင်သာယာ) ချမ်းမြသာစည် မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်တင်နွယ်အောင် တ/၂၉၂၉ | ကြို့ပင်ကောက် ပဲခူးတိုင်းဒေသကြီး |
| ၃။ | ဒေါ်သဲသဲကျော် တ/၂၉၈၅ | ချောင်းဆုံ မွန်ပြည်နယ် |
| ၄။ | ဦးရာဇာမင်းစိုး တ/၃၀၅၅ | မူဆယ် ရှမ်းပြည်နယ် |
| ၅။ | ဦးမျိုးထွန်းလင်း တ/၃၁၂၅ | ရမ်းဗြဲ ရခိုင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၅/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီးများအား ပထမတန်း ရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်သူဇာနွယ် တ/၃၄၆၁ | ဆားလင်းကြီး စစ်ကိုင်းတိုင်းဒေသကြီး |
| ၂။ | ဒေါ်မေမိုးသီရိ တ/၃၅၂၇ | မြောင်းမြ ဧရာဝတီတိုင်းဒေသကြီး |

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၃။ | ဒေါ်ဇင်အိဖြူ<br>တ/၃၅၂၉ | ဖျာပုံ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဆွေလှိုင်နန်း<br>တ/၃၅၆၁ | သာပေါင်း<br>ဧရာဝတီတိုင်းဒေသကြီး |
| ၅။ | ဦးမျိုးမြင့်ဇော်<br>တ/၃၅၈၅ | (မြို့နယ်တရားသူကြီးတာဝန်)<br>ဖာပွန်<br>ကရင်ပြည်နယ် |
| ၆။ | ဒေါ်ရည်မွန်လှ<br>တ/၃၅၈၉ | မအူပင်<br>ဧရာဝတီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၇၆/ ၂၀၂၁)

၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ရွှေပွင့်<br>တ/၃၁၉၅ | မိတ္ထီလာ<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးဇင်မင်းထက်<br>တ/၃၂၃၆ | ဟသ်ာတ<br>ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဒေါ်သဲဆုရတနာ<br>တ/၃၂၇၉ | မဟာအောင်မြေ<br>မန္တလေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်ချစ်ဖြိုးဝေလှိုင်<br>တ/၃၄၄၂ | လေးမျက်နှာ<br>ဧရာဝတီတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသည် ခုံရုံးလုပ်ငန်းတာဝန်များ၊ ဝန်ထမ်းရေးရာကိစ္စများကို ထိရောက်အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ ခုံရုံးနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ဝန်ထမ်းရေးရာကိစ္စများတွင် စွမ်းဆောင်ရည်မြင့်တင်ပေးနိုင်ရန်အတွက်လည်းကောင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးသန်းကျော်(ဥက္ကဋ္ဌ)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | ဥက္ကဋ္ဌ |
| ( ခ ) | ဦးဉာဏ်ထွန်း(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( ဂ ) | ဦးခင်မောင်ဦး(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဃ) | ဦးစောစံလင်း(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( င ) | ဦးမျိုးချစ်(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( စ ) | ဦးကျော်ဆန်း(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးကျော်မင်း(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( ဇ ) | ဒေါက်တာမာလာအောင်(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါ်နန်းစန္ဒာစမ်း(အဖွဲ့ဝင်)<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| (ည) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အဖွဲ့ဝင် |
| ( ဋ ) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | အတွင်းရေးမှူး |
| ( ဌ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး | တွဲဖက်အတွင်းရေးမှူး |

၂။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်–

(က) နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥပဒေ၊ နည်းဥပဒေနှင့် အခြားတည်ဆဲဥပဒေများက ပေးအပ်ထားသောတာဝန်များကို ထိရောက်အောင်မြင်စွာ ထမ်းဆောင် နိုင်ရေးအတွက် ကြိုတင်စီစဉ်မှု၊ လေ့လာမှု၊ ဆွေးနွေးမှုများကို အပတ်စဉ်ပြုလုပ်ကြရမည်။

( ခ ) ခုံရုံး၏ အမှုစစ်ဆေးကြားနာ ဆုံးဖြတ်ခြင်းဆိုင်ရာ ရုံးလုပ်ငန်းများတွင် စည်းစနစ်ကျစေရန် တည်ဆဲ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်စေရန် ဝန်ထမ်းများအား စာတွေ့၊ လက်တွေ့ သင်ကြားပေး ရမည်။

( ဂ ) အမှုစိစစ်ခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းလုပ်ငန်းများအတွက်လည်းကောင်း၊ အခြားရုံးလုပ်ငန်းများ အတွက်လည်းကောင်း၊ အထောက်အကူပြုမည့်စာအုပ်စာတမ်းများ၊ မှတ်တမ်းများ၊ သတင်းအချက် အလက်များကို စနစ်တကျ စုဆောင်းထိန်းသိမ်းထားရှိရမည်။

(ဃ) အရာထမ်း၊ အမှုထမ်းများစည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ကြီးကြပ်ခြင်း၊ စိစစ်ခြင်း၊ လမ်းညွှန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြရမည်။

( င ) အရာထမ်း၊ အမှုထမ်းများရာထူးတိုးခြင်း၊ စိစစ်အရေးယူခြင်း၊ အပြစ်ပေးခြင်းနှင့် ဆုပေး၊ ဒဏ်ပေးခြင်း ကိစ္စများကို တည်ဆဲစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရမည်။

( စ ) အရာထမ်း၊ အမှုထမ်းများအရည်အသွေးတိုးမြှင့်ရေးအတွက် လေ့ကျင့်ရေးနှင့် သုတေသနလုပ်ငန်း များကို အစီအစဉ်များချမှတ်ပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ကြရမည်။ ပြည်တွင်းပြည်ပအဆင့်မြင့် သင်တန်းများစေလွှတ်နိုင်ရေးစီစဉ်ဆောင်ရွက်ရမည်။ အင်္ဂလိပ်စာကျွမ်းကျင်မှုအရည်အသွေးမြှင့်တင်ရေး အတွက် နည်းလမ်းများရှာကြံပြီး စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်။

(ဆ) အရာထမ်း၊ အမှုထမ်းများ အေးချမ်းသာယာစွာတာဝန်ထမ်းဆောင်နိုင်ရေးအတွက် နည်းလမ်းများ ရှာကြံပြီး စီစဉ်ဆောင်ရွက်ပေးရမည်။

၃။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး စီမံခန့်ခွဲရေးကော်မတီသည် ဖော်ပြပါလုပ်ငန်း တာဝန်များကို ဆောင်ရွက်ရာတွင် အဖွဲ့လိုက်စုစည်း၍လည်းကောင်း၊ ကျွမ်းကျင်ရာအလိုက် လုပ်ငန်းကဏ္ဍ ပိုင်းခြား၍လည်းကောင်း ဆောင်ရွက်ကြရမည်ဖြစ်သည်။

၄။ စီမံခန့်ခွဲရေးကော်မတီအဖွဲ့ဝင်အသီးသီးသည် ဖော်ပြပါလုပ်ငန်းများအောင်မြင်ရန်အတွက် မိမိတို့ ကျွမ်းကျင်ရာကဏ္ဍများတွင်ဦးဆောင်ပါဝင်ကြရမည်ဖြစ်သည်။လုပ်ငန်းတာဝန်များကိုထမ်းဆောင်ရာတွင် အဖွဲ့ငယ်များဖွဲ့၍လည်းကောင်း၊ သင့်တော်ရာတစ်ဦးချင်းကိုတာဝန်ပေး၍လည်းကောင်း ဆောင်ရွက်ကြရမည် ဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးစီမံခန့်ခွဲရေးကော်မတီသို့ တင်ပြရန်လိုအပ်သော အကြောင်းကိစ္စများကို ဥက္ကဋ္ဌထံ ကြိုတင် တင်ပြရမည်။

၅။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၅ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁၇/၂၀၁၆) ကို ဤအမိန့်ကြော်ငြာစာဖြင့် ကျော်လွန်ပယ်ဖျက်လိုက်သည်။

သန်းကျော်
ဥက္ကဋ္ဌ
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး**

**အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

( ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်စွဲပါ အမိန့်အမှတ်၊ ၃၈/၂၀၂၁ ဖြင့် ခန့်အပ်ခဲ့သော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော် ၏ ကိုယ်ရေးအရာရှိ၊လစာနှုန်း(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)ရာထူးနေရာတွင်ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယကွန်ပျူတာလုပ်ဆောင်ရေးမှူး ဦးတင့်လွင် [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ၁၂/သဃက (နိုင်) ဝ၈၂ဝ၃၀] အား ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့်အဆောင်အယောင်များဆိုင်ရာ ဥပဒေနှင့် အညီအလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ခန့်ထားလိုက်သည်။

၂။ လစာနှုန်း (၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀) တွင် အမြင့်ဆုံးလစာငွေ ၃၂၈၀၀၀/- ကို ခံစားခွင့်ပြု လိုက်သည်။

သန်းကျော်

ဥက္ကဋ္ဌ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အောက်ဖော်ပြပါ ယာယီရဲမှူး (၅) ဦးတို့အား ယာယီခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် ယင်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှစ၍ လက်ရှိရာထူးအဆင့် (ရဲမှူး) တွင် အတည်ပြုခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (၁) | ရဲ ၃၉၅၂ ယာယီရဲမှူး ဇော်နီချစ်<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ၁၄-၂-၂၀၂၁ |
| (၂) | ရဲ ၄၀၁၂ ယာယီရဲမှူး အေးနိုင်<br>ရှမ်းပြည်နယ်ရဲတပ်ဖွဲ့ | ၁၅-၂-၂၀၂၁ |
| (၃) | ရဲ ၄၁၃၈ ယာယီရဲမှူး ဆန်းဦး<br>ကရင်ပြည်နယ်ရဲတပ်ဖွဲ့ | ၁၁-၂-၂၀၂၁ |
| (၄) | ရဲ ၄၇၀၆ ယာယီရဲမှူး စိုးလွင်<br>ယာဉ်ထိန်းရဲတပ်ဖွဲ့ | ၂၅-၂-၂၀၂၁ |
| (၅) | ရဲ ၄၃၅၀ ယာယီရဲမှူး ခင်မောင်ဝင်း<br>ကချင်ပြည်နယ်ရဲတပ်ဖွဲ့ | ၆-၂-၂၀၂၁ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၅) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ခွဲမှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ရဲ ၂၀၆၇ ယာယီရဲမှူးကြီး မိနီဦး အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၆ ရက်နေ့မှ ဇူလိုင်လ ၂၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၈/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲ ၂၈၀၁ ဒုတိယရဲမှူးကြီး စိန်ဝင်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှ ဇူလိုင်လ ၂၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၃၃) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ရဲ ၂၄၈၃ ဒုတိယရဲမှူးကြီး နန်းမိုခမ်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆(က) အရ သက်ပြည့်အငြိမ်းစားခံစားခွင့် ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၂၁)**

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့သို့ တွဲဖက်တာဝန်ချထားသော အမှတ် (၂၇) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး ရဲ ၂၅၆၃ ဒုတိယရဲမှူးကြီး စောစန္ဒာလှိုင် (ခ) ညိုညိုလှိုင် အား နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၄/၂၀၂၁)

အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ ကချင်ပြည်နယ်ရုံးမှ (စ/၀၇၁၉) ညွှန်ကြားရေးမှူး ဦးမြင့်သိန်း အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့မှ ဇူလိုင်လ ၁၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ရဲ ၂၉၆၇ ဒုတိယရဲမှူးကြီး မိုးမြင့်ဇော် အား နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်နေ့မှ ဇူလိုင်လ ၉ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန
## အမိန့်ကြော်ငြာစာအမှတ် (၅၁/၂၀၂၁)

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

### နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီအား ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်စွဲပါ စာအမှတ်၊ ၁၁ ၀၁ ၁၉ (၆၃၃၅) ဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီကို အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ပြန်လည်ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (၁) | ပြည်ထောင်စုဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ပြည်ထောင်စုဝန်ကြီး<br>အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန | ပူးတွဲဥက္ကဋ္ဌ |

| | | |
|---|---|---|
| (၃) | ဒုတိယဝန်ကြီး<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၆) | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၇) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၈) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်<br>စီးပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၉) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (၁၀) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အဖွဲ့ဝင် |
| (၁၁) | အမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး | အတွင်းရေးမှူး |
| (၁၂) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

အမှတ် ၆၆/၂၀၂၁။ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်း အား ၂၀၂၁ ခုနှစ်၊ မတ်လ ၂၇ရက်နေ့နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် စတုတ္ထအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

အမှတ် ၁၄၇/၂၀၂၁။ ရီရတ်ဒ်မြို့၊ မြန်မာသံရုံးမှ သံမှူး ဦးဇေယျာမျိုးမြင့် အား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၄၈/၂၀၂၁။ ဒါကာမြို့၊ မြန်မာသံရုံးမှ ဒုတိယအတွင်းဝန် ဦးငြိမ်းချမ်းဇော် အား မြန်မာသံရုံး၊ ဘာလင်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၄၉/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါက်တာအောင်ကျော်သူ အား မြန်မာသံရုံး၊ ကူဝိတ်မြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၀/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးစန်းယုကျော် အား မြန်မာသံရုံး၊ အစ္စလာမာဘတ်မြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၁/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဖြူဖြူစိုး (ခ) ဒေါ်ဖြူဖြူထွန်း အား မြန်မာသံရုံး၊ ဂျကာတာမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၂/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထွေးဝင်း အား မြန်မာသံရုံး၊ နယူးဒေလီမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၃/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ဇင်မာထွေး အား မြန်မာသံရုံး၊ ပေကျင်းမြို့သို့ သံမှူးကြီးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၄/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ညိမ်းညိမ်းမြင့် အား မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၅/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းနောင် အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၆/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေစင်မြထွန်း (ခ) ဒေါ်ရွှေစင်ထွန်း အား အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျကာတာမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၇/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီရိ အား မြန်မာသံရုံး၊ ရောမမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၈/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးတင်ဝင်းအောင် အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ဟောင်ကောင်မြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမိန့် ၁၅၉/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းကောင်းထက် အား မြန်မာသံရုံး၊ ကိုင်ရိုမြို့သို့ သံမှူးအဖြစ် ပြောင်းရွှေ့ခန့်ထား လိုက်သည်။

အမှတ် ၁၆၀/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကြည်ကြည်သိန်း အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ချင်းမိုင်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၁/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစောမူးစော အား မြန်မာသံရုံး၊ ရီရတ်ဒ်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၂/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာစိုးသူရ အား မြန်မာသံရုံး၊ ဖနောင်ပင်မြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၃/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီရိလှိုင် အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့သို့ ပထမအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၄/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးဇော်ထွန်းဝင်း အား မြန်မာသံရုံး၊ ဖနောင်ပင်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၅/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးတိုးလွင် အား မြန်မာသံရုံး၊ စင်ကာပူမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၆/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးခင်အောင်ဝင်း အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၇/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်ရွှေရည်ဖူး အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၈/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်စမ်းစမ်းယဉ် အား ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ နယူးယောက်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၉/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်နွယ်နီမျိုးအောင် အား မြန်မာသံရုံး၊ ဘရာဇီးလျားမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၀/၂၀၂၁။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်စန္ဒာဝင်းရွှေ အား မြန်မာသံရုံး၊ လန်ဒန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၁/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်မြတ်မဥ္ဇူပြုံး အား မြန်မာသံရုံး/မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဗီယင်နာမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၂/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဌာနစုမှူး (၁) ဒေါ်မေဇင်သက် အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ လော့စ်အိန်ဂျယ်လိစ်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၃/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်အေးသဥ္ဇာအောင် အား အာဆီယံဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံး၊ ဂျကာတာမြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၄/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဒေါ်ပြည့်ဆုအောင် အား မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၅/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၁) ဦးလွတ်လပ်မိုး အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ ဒုတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၆/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဒေါ်အေးအေးထွန်း အား မြန်မာသံရုံး၊ မနီလာမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၇/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးမျိုးဇော်လင်း အား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၈/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးညီညီဇော် အား မြန်မာသံရုံး၊ အော်စလိုမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၇၉/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးမှ ဌာနစုမှူး (၂) ဒေါ်သီသီလတ် အား မြန်မာသံရုံး၊ ဂျကာတာမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၈၀/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနမှ ဌာနစုမှူး (၂) ဒေါ်မြတ်မျိုးဆွေ အား မြန်မာသံရုံး၊ ဝါရှင်တန်မြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၈၁/၂၀၂၁။　နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဌာနစုမှူး (၂) ဦးဘုန်းမြင့်ဦး အား မြန်မာသံရုံး၊ ဒါကာမြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ရုံးအုပ် (၇) ဦးတို့အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ သဘောတူညီချက်အရ စက်မှုလယ်ယာဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ (စီမံ) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဦးသန်းထွန်း | ရုံးအုပ် | ဦးစီးအရာရှိ |
| (ခ) | ဦးစန်းလှိုင် | ရုံးအုပ် | ဦးစီးအရာရှိ |
| (ဂ) | ဒေါ်ခင်မသန်း | ရုံးအုပ် | ဦးစီးအရာရှိ |
| (ဃ) | ဒေါ်အေးအေးမူ | ရုံးအုပ် | ဦးစီးအရာရှိ |
| (င) | ဦးကျော်ညွန့် | ရုံးအုပ် | ဦးစီးအရာရှိ |
| (စ) | ဒေါ်သောင်းသောင်းမြင့် | ရုံးအုပ် | ဦးစီးအရာရှိ |
| (ဆ) | ဒေါ်ခင်သန်းဦး | ရုံးအုပ် | ဦးစီးအရာရှိ |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၈/၂၀၂၁)**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ ရုံးအုပ်/စာရင်းကိုင်-၁ (၂) ဦး တို့အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၁) ၏ သဘောတူညီချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိ ရာထူးနေရာများသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး |
|---|---|---|---|
| (က) | ဒေါ်အေးအေးမွန် | ရုံးအုပ် | ဦးစီးအရာရှိ(စီမံ) |
| (ခ) | ဒေါ်အေးအေးခိုင် | စာရင်းကိုင်-၁ | ဦးစီးအရာရှိ(ငွေစာရင်း) |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၅၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

**ကြိုတင်ပြင်ဆင်ခွင့် (၄) လ အား ငြင်းပယ်ခွင့်ပြုခြင်း**

၁။　　စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန(ရုံးချုပ်) (ရေအရင်းအမြစ်)၊ စက်မှု/လျှပ်စစ်ဌာနခွဲ(၁)မှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး(မြို့ပြ)၊ ဦးညွန့်သိန်း အား ၎င်း၏သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၃ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။　　အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်နေ့ မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃(၁၁)/ (၃၈၆) မူဝါဒပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒီပဲယင်းမြို့နယ်၊ မြို့ပေါ်ရပ်ကွက် (၂) ရပ်ကွက်နှင့် စိုင်ပြင်မြို့၊ ရပ်ကွက် (၅) ရပ်ကွက် အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း မြို့မြေတိုင်းတာခြင်းလုပ်ငန်းများအား ဆောင်ရွက်နိုင်ရေး အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ဒီပဲယင်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ် အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ဒီပဲယင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ် ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ် လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၇၂/၂၀၂၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၃/၆-၃(၁၁)/ (၃၈၅) မူဝါဒပါ ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ် အုပ်ချုပ်ရေးနယ်နိမိတ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်အုပ်ချုပ်ရေးနယ်နိမိတ် တိုင်းတာဆောင်ရွက်ရေးကိစ္စနှင့်ပတ်သက်၍ နယ်နိမိတ်ပွိုင့်(၁၇)ပွိုင့် တိုင်းတာသတ်မှတ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် **၂၀၁၉ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေ** အခန်း(၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ မြောင်မြို့နယ်ထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြောင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၀၈၃/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ လစာနှုန်း (၃၄၁,၀၀၀–၄,၀၀၀–၃၆၁,၀၀၀) အဆင့်ရှိ အောက်ဖော်ပြပါ သုတေသနမှူး (စိုက်ပညာရှင်) (၂) ဦး အား ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေး သဘော တူညီချက်အရ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် လစာနှုန်း (၃၇၄,၀၀၀–၄,၀၀၀– ၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (စိုက်ပညာရှင်) ရာထူးသို့ စတင်သတင်းပို့ တာဝန်ထမ်းဆောင်သည့် နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| **စဉ်** | **အမည်** | **လက်ရှိရာထူး၊ လက်ရှိဌာနခွဲ** | **တိုးမြှင့်သည့်ရာထူး၊ တာဝန်ချထားသည့်ဌာနခွဲ** |
|---|---|---|---|
| (က) | ဒေါက်တာမော်မော်သန်း | သုတေသနမှူး(စိုက်ပညာရှင်) စိုက်ပျိုးရေးဆိုင်ရာသဘာဝ အရင်းအမြစ်များသုတေသန ဌာနခွဲ၊ စိုက်ပျိုးရေးအဏုဇီဝသိပ္ပံ သုတေသနဌာနစု တာဝန်ခံ၊ ရေဆင်း | ညွှန်ကြားရေးမှူး(စိုက်ပညာရှင်)၊ ရိတ်သိမ်းချိန်လွန်နည်းပညာနှင့် အစားအစာသိပ္ပံသုတေသနဌာနခွဲ၊ ဌာနခွဲတာဝန်ခံ၊ ရေဆင်း |
| (ခ) | ဒေါ်စီစီမြင့် | သုတေသနမှူး(စိုက်ပညာရှင်)၊ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့် သီးနှံကာကွယ်ရေးဌာနခွဲ၊ အပင်ရောဂါသုတေသနဌာနစု တာဝန်ခံ၊ ရေဆင်း | ညွှန်ကြားရေးမှူး(စိုက်ပညာရှင်) စီမံခန့်ခွဲရေး၊ ငွေစာရင်း၊ စီမံကိန်းနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲရေးဌာနခွဲ၊ ဌာနခွဲတာဝန်ခံ ရေဆင်း |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၈၉/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်စွဲပါ စာအမှတ်၊ (၁၈၇)/၃/ ၅-၁/ပစက(ရခိုင်) ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၂၀/၆၆၉-မြေတိုင်း/ အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ရခိုင်ပြည်နယ်၊ စစ်တွေခရိုင်၊ ပုဏ္ဏားကျွန်းမြို့နယ်အား ကွက်ကျဲ၊ ကွက်စိပ် တိုင်းတာ၍ ၆၄ လက်မ = ၁ မိုင်စကေးဖြင့် မြေပုံရေးဆွဲခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း(၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့်(ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ ပုဏ္ဏားကျွန်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ ပုဏ္ဏားကျွန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ် လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၀/၂၀၂၁)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်စွဲပါ စာအမှတ်၊ ၂၀၀/ ၇-၂/ဦး ၆ (၀၅၅၃) ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၁၂၀/၆၆၉-မြေတိုင်း/ အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ မဲကနယ်ကျေးရွာအုပ်စု၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့်ရရှိထားသော မဲကနယ် ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၅-စီ)၊ အတွင်းမဲကနယ်ကွင်း၊ ဦးပိုင်အမှတ် (၄)၊ ဧရိယာ (၂၉၂.၇၀) ဧကနှင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိထားသော မဲကနယ်ကျေးရွာအုပ်စု ကွင်းအမှတ် (၅၅-စီ)၊ အတွင်း မဲကနယ်ကွင်း၊ ဦးပိုင်အမှတ် (၁၃/က၊ ခ၊ ဃ၊ င၊ စ) ရှိ ဥယျာဉ်မြေဧရိယာ စုစုပေါင်း (၆၇.၁၃) ဧကတို့အား ကွက်စိပ်၊ ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြဝတီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ် ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ် တာဝန်ပေးခန့်အပ်လိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၂/၂၀၂၁ အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝေလင်းမောင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၅/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၀ ရက်)

**ကြိုတင်ပြင်ဆင်ခွင့်(၄)လအား ငြင်းပယ်ခွင့်ပြုခြင်း**

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဝန်ကြီးရုံး (လယ်/ဆည်ကဏ္ဍ) မှ လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀) အဆင့်ရှိ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးတင့်ထွန်း အား ၎င်း၏ သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့အထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို **နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၈၁ အရ** အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုလိုက်သည်။

၂။ အဆိုပါ အများပြည်သူအကျိုးငှာ ငြင်းပယ်ခွင့်ပြုထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ပြန်လည်ခံစားခွင့်ပြုပြီး ခွင့်ရက်ကုန်ဆုံးသည့် ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၁၅ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၉၇/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၅ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး (ပြည်နယ်ဦးစီးမှူး) ဦးသိုက်စိုး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၀/၂၀၂၁)**

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ ရုံးချုပ် မြေအသုံးချရေးဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) အဆင့်ရှိ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၅ ရက်နေ့မှ ၂၀၂၁ ခုနှစ်၊

ဩဂုတ်လ ၁၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၀) ပြည့်သည့် ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၁/၂၀၂၁)**

နေပြည်တော်၊ ၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁၆ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရစိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်စွဲပါ စာအမှတ်၊ (၀၉၆)၃/၅-၁/ပစက(ရခိုင်) ညှိနှိုင်းချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၏ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်၊ ၀၂၀/၆၆၉-မြေတိုင်း/အဖရ (၂၀၁၉) ပါ အတည်ပြုချက်အရ ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြေပုံမြို့မှ ရပ်ကွက် ၉ ခုနှင့် ကမ်းထောင့်ကြီးမြို့မှ ရပ်ကွက် ၅ ခုတို့အား ၂၀၂၁-၂၀၂၂ ခုနှစ်တွင် မြို့မြေတိုင်းတာခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောက်ရွက်ရန်အတွက် **၂၀၁၉ ခုနှစ်၊ နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေ** အခန်း(၄)၊ ပုဒ်မ(၇)၊ ပုဒ်မခွဲ(ဂ)နှင့်(ဃ) ပါ ပြဋ္ဌာန်းချက်တို့အရ မြေပုံမြို့နယ်ထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ မြေပုံမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ **မြို့နယ်ဦးစီးဌာနမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေး ခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၃ /၂၀၂၁)**

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်)

**ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၁၈ ခုနှစ်) ပုဒ်မ ၃-က၊ ပုဒ်မ ၁၇ တို့အရ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကိုအသုံးပြု၍ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန်နှင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်ဆောင်ရွက်နိုင်ရန် **ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) **ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီ**

